သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# မြန်မာနိုင်ငံ၏ သဘာဝနယ်မြေများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒ နှင့် အုပ်ချုပ်လုပ်ကိုင်မှုမဟာဗျူဟာ

## ဂေဟာတည်းခိုဆောင် (Ecolodge) ဆိုင်ရာလမ်းညွှန်ချက်စာစောင်

## (မြန်မာဘာသာပြန်ဆိုချက်)

၂၀၁၇ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နောက်ခံအကြောင်းအရာ | ၁ |
| ၂။ | မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းပြဋ္ဌာန်းချက် | ၁ |
| ၃။ | မြန်မာနိုင်ငံ  သဘာဝအခြေခံခရီးသွားလမ်းညွှန်ချက်များ | ၂ - ၃ |
| ၄။ | ဂေဟာတည်းခိုဆောင်(Ecolodge) လမ်းညွှန်ချက်များ | ၃ |
| ၅။ | ဂေဟာတည်းခိုဆောင်(Ecolodge) ဆိုသည်မှာ အဘယ်နည်း | ၃ - ၄ |
| ၆။ | ဂေဟာတည်းခိုဆောင်(Ecolodge)တွင်တည်းခိုလေ့ရှိသည့် ခရီးသွားဧည့်သည်အမျိုးအစား | ၄ |
| ၇။ | သတ်မှတ်ချက်များ | ၄ |
| ၈။ | စွမ်းအင်ချွေတာမှု | ၄ |
| ၉။ | ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်မှု | ၄ - ၅ |
| ၁၀။ | သဘာဝအရင်းအမြစ်ကို ကာကွယ်စောင့်ရှောက်ခြင်း | ၅ |
| ၁၁။ | ဒေသရိုးရာယဉ်ကျေးမှုနှင့်စီးပွားရေးကိုလေးစားပြီး ၎င်းတို့အားအကျိုးဖြစ်ထွန်းစေရန်ထောက်ပံ့ခြင်း | ၅ |
| ၁၂။ | Ecolodge တိုးတက်မှုအတွက် အလေ့အကျင့်ကောင်းများ | ၅ - ၆ |
| ၁၃။ | ဝေးလံခေါင်ဖျားမှုနှင့်ကုန်ကျစရိတ်များ | ၆ |
| ၁၄။ | Ecolodge ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးမြေနေရာရွေးချယ်မှု၊ ပတ်ဝန်းကျင်နှင့်လူမှုအကျိုးသက်ရောက်မှုတို့ကို အကဲဖြတ်ခြင်း | ၆ - ၇ |
| ၁၅။ | ဒီဇိုင်းပုံစံ | ၇ - ၉ |
| ၁၆။ | တည်ဆောက်ရေးလုပ်ငန်း | ၉ |
| ၁၇။ | ဆောက်လုပ်ရေးအတွက်အဓိကလမ်းညွှန်ချက်များ | ၉ - ၁၀ |
| ၁၈။ | Ecolodge လည်ပတ်ပုံ | ၁၀ |
| ၁၉။ | ဒေသခံများပါဝင်ဆောင်ရွက်မှု | ၁၀ - ၁၁ |
| ၂၀။ | ဝန်ထမ်းများတိုက်ရိုက်ခန့်ခြင်း | ၁၁ |
| ၂၁။ | Ecolodge တစ်ခုအတွင်းဧည့်သည်များမှ လုပ်ဆောင်နိုင်မည့်အရာများ | ၁၁ - ၁၂ |
| ၂၂။ | အောင်မြင်မှုအတွက် စံနှုန်းများ | ၁၂ |
| ၂၃။ | ရည်ညွှန်းကိုးကားစာရင်း | ၁၂ - ၁၅ |

# မြန်မာနိုင်ငံ၏ သဘာဝနယ်မြေများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒ နှင့် အုပ်ချုပ်လုပ်ကိုင်မှုမဟာဗျူဟာ ဂေဟတည်းခိုဆောင် (Ecolodge) ဆိုင်ရာ လမ်းညွှန်ချက်အကျဉ်းချုပ်စာစောင်

## နောက်ခံအကြောင်းအရာ

၂၀၁၅ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန[၁] နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့သည် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန(ICIMOD)၏ ပံပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှုမဟာဗျူဟာ ဖေါ်ဆောင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပါသည်။ ဆွေးနွေးညှိနှိုင်းမှုမှ ခရီးသွားလုပ်ငန်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အထောက်အကူဖြစ်စေပုံနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှုမဟာဗျူဟာကို မည်သို့မည်ပုံပြဌာန်းရမည်ဆိုသည့် အချက်တို့နှင့် ပက်သတ်၍ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းမှုအပြီးတွင် တိကျပြတ်သားသော လမ်းညွှန်ချက်တစ်ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။ ဤလမ်းညွှန်ချက်ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် ရည်ရွယ်ထားရှိသော်လည်း မဟာဗျူဟာနှင့်လမ်းညွှန်ချက်များကို အခြားနယ်မြေဒေသများတွင်လည်း အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

ဂေဟတည်းခိုဆောင်(Ecolodge)ဆိုင်ရာ လမ်းညွှန်သည် သဘာဝထိန်းသိမ်းရေးနယ်မြေများအပြင် မြန်မာနိုင်ငံအတွင်းရှိ အခြားသော သဘာဝအမွေအနှစ်နေရာဒေသများအတွက်ပါ အကျုံးဝင်ပါသည်။ ဤမဟာဗျူဟာတွင် မြန်မာနိုင်ငံ၏သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှု မဟာဗျူဟာအရ ဂေဟတည်းခိုဆောင် (Ecolodge)ဆိုင်ရာ လမ်းညွှန်ချက်နှင့်တကွ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ရန်နှင့် ရေ့ဆက်လေ့လာနိုင်ရန် အတွက်လည်း ရည်ရွယ်ပါသည်။

သို့သော် ဤလမ်းညွှန်ချက်စာစောင်သည် ဟိုတယ်နှင့်တည်းခိုရိပ်သာ ဆောက်လုပ်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေကိုဆန့်ကျင်ပြီး ပြုပြင်ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ဂေဟတည်းခိုဆောင်(Ecolodge) ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေ့အကျင့်ကောင်းများ၊ လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုလမ်းညွှန်ပေးခြင်းသာဖြစ်ပါသည်။

## မြန်မာနိုင်ငံ သဘာဝအခြေခံခရီးသွားလုပ်ငန်းပြဌာန်းချက်

ဤပြဌာန်းချက်သည် ခရီးသွားလုပ်ငန်းဆိုင်ရာ ပါဝင်ပတ်သက်သူများ၏ ပါဝင်ဆွေးနွေးညှိနှိုင်းမှုရလဒ်များအရ မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ယင်းနယ်မြေ များနှင့် ဆက်စပ်တည်ရှိသောဒေသများတွင် အောက်ပါအချက်သုံးချက်ကို ဖေါ်ဆောင်နိုင်သည့် စီမံခန့်ခွဲရေးနည်းလမ်းများ၊ နည်းစနစ်များနှင့် လုပ်ငန်းအစီအစဉ်များ အဓိကပါဝင်သော ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလိုပါသည်။

၁။ ဇီဝမျိုးစုံမျိုးကွဲနှင့်ဂေဟစနစ်များကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း။

---

[၁] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(၂၀၁၆ ခုနှစ်တွင် ဝန်ကြီးဌာနအမည် ပြောင်းလဲပြင်ဆင်ပါသည်)

၂။ သဘာဝအခြေခံခရီးသွားလုပ်ငန်း နယ်မြေဒေသအတွင်းရှိ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဝန်ဆောင်မှုပေးသူနှင့် ခရီးသွားဧည့်သည် နှစ်ဦးနှစ်ဖက် နားလည်မှုတည်ဆောက်ပြီး ပူးပေါင်းပါဝင်နိုင်မည့် စီမံခန့်ခွဲမှုနည်းလမ်းများကို ဖော်ဆောင်ခြင်း။

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းနှင့် ယင်းတို့၏ပတ်ဝန်းကျင်တွင်နေထိုင်သော ဒေသခံပြည်သူများကို သဘာဝအခြေခံခရီးသွားလုပ်ငန်းမှ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေပြီး အောက်ပါလုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေခြင်း။

(က) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုလျော့ချခြင်း၊

(ခ) သဘာဝနယ်မြေများ၏ အုပ်ချုပ်လုပ်ကိုင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွင် ဒေသခံများ ပါဝင်ပူးပေါင်းဆောင်ရွက်လာအောင်စီမံခြင်း။

**မြန်မာနိုင်ငံ သဘာဝအခြေခံခရီးသွား လမ်းညွှန်ချက်များ**

မြန်မာနိုင်ငံသဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် လမ်းညွှန်ချက် (၁၀) ချက်ရှိပါသည်။

၁။ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ခြင်းကို ဦးစားပေးရန်အတွက် သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ ရည်ရွယ်ချက်နှင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါအတိုင်း ကိုက်ညီစေရေးလုပ်ဆောင်ရန်။

၂။ ရှားပါးပြီး အရေးပါသောမျိုးစိတ်များနှင့် ယင်းတို့၏ နေရင်းဒေသများ၊ ကျက်စားဒေသများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ခရီးသွားများအသုံးပြုမှုမှ ထိန်းချုပ်ထားသည့် ဇုန်နယ်မြေသတ်မှတ်မှုစနစ်များ တည်ထောင်ခြင်းကို အားပေးရန်နှင့် လေးစားလိုက်နာစေရန်။

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ ဒေသခံများနှင့် အခြားပါဝင်ပတ်သက်သူများအား ရာသီဥတုပြောင်းလဲမှုကို လျော့ချခြင်းဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့်အကြောင်းကို အသိပညာမျှဝေပေးရန်။

၄။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း လျာထားချက်များကို ထည့်သွင်းရန်၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့အစည်းများဖွဲ့စည်းပြီး UN Millennium Development Goals ၊ post – 2015 Development Agenda တို့နှင့်လည်း ပေါင်းစပ်ညှိနှိုင်းရန်။

၅။ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ယုံကြည်မှုဆိုင်ရာ ထိတွေ့၍ ရနိုင်သည့်တန်ဖိုးများနှင့် ထိတွေ့၍မရနိုင်သည့်တန်ဖိုးများအား ထိန်းသိမ်းရန်နှင့် အကျိုးရှိရှိသုံးစွဲနိုင်ရေး အစီအမံများ ထားရှိရန်။

၆။ ဒေသခံများပါဝင်စေခြင်းဖြင့် သဘာဝသယံဇာတအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှုအား လျော့ချပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းမှ အကျိုးကျေးဇူးများရရှိနိုင်မည့် တာဝန်သိခရီးသွားလုပ်ငန်းပုံစံ ဖြစ်လာစေရေး အားပေးလုပ်ဆောင်ရန်။

၇။ နိုင်ငံတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများကွန်ယက်ကို ထိန်းသိမ်း၍ ရေရှည်တည်တံ့နိုင်စေရေးအတွက် စဉ်ဆက်မပြတ် ဝင်ငွေရရှိနိုင်ရန် နည်းလမ်းများ စီစဉ်ပေးရန်။

၈။ သဘာဝပတ်ဝန်းကျင်၊ ရိုးရာယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှုနှင့် ဒေသခံအဖွဲ့အစည်းများအပေါ် အနုတ်လက္ခဏာ သဘောဆောင်သောသက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန်နှင့် အကဲဖြတ်နိုင်ရန် အခြေခံအချက်အလက်များ စာရင်းကောက်ယူမှုနှင့် လေ့လာစောင့်ကြည့်သော အစီအစဉ်များကို ထိရောက်စွာအသုံးပြုရန်။

၉။ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် လိုက်လျောညီထွေရှိမှု၊ ဆန်းသစ်သောဗိသုကာလက်ရာနှင့် စွမ်းအင်အသုံးချမှုကိုလျှော့ချနိုင်သည့် အခြေခံအဆောက်အဦးများ တည်ဆောက်နိုင်ရန် ကျွမ်းကျင်သောရင်းနှီးမြှုပ်နှံသူများကို မက်လုံးပေးဆွဲဆောင်၍ လုပ်ဆောင်ရန်။

၁၀။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ပြင်ပရှိ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ရေရှည် တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် အလေ့အကျင့်ကောင်းများကို ဒေသခံများအား ပျိုးထောင်လေ့ကျင့်ပေးရန်။

**ဂေဟတည်းခိုဆောင်(Ecolodge) လမ်းညွှန်ချက်များ**

ဤလမ်းညွှန်ချက်ကို မြန်မာနိုင်ငံအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တာဝန်သိသောခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရန်အတွက်ရည်ရွယ်၍ ဖော်ဆောင်ထားပါသည်။ မြန်မာနိုင်ငံအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများသည် တမူထူးခြား၍ မတူညီသောသဘာဝအရင်းအမြစ်များ တည်ရှိနေသည့်အတွက် ရေရှည်တည်တံ့စေရေး စနစ်တကျကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ ဂေဟတည်းခိုဆောင်(Ecolodge) စင်စစ်တစ်ခုသည် ၎င်း၏ အနီးအနားပတ်ဝန်းကျင်အပေါ် အနုတ်လက္ခဏာသက်ရောက်မှု အနည်းဆုံးရှိရုံသာမက အဆောက်အဦ၏ ရသမြောက်သော ပုံစံ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ စွမ်းအင်ချွေတာမှု၊ ရေစီမံခန့်ခွဲမှု၊ ဒေသခံများပါဝင်မှု၊ ဒေသခံနှင့် ဧည့်သည်များကိုပါ ပညာပေးစည်းရုံးနိုင်မှု အစရှိသော အကောင်းဆုံးစွမ်းဆောင်မှုများကို ပေးစွမ်းနိုင်ရပါမည်။

**ဂေဟတည်းခိုဆောင်(Ecolodge) ဆိုသည်မှာ အဘယ်နည်း**

ဂေဟတည်းခိုဆောင်(Ecolodge)လုပ်ငန်း၏အဓိကသော့ချက်မှာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပညာပေးစည်းရုံးခြင်း၊ တာဝန်သိသောခရီးသွားလုပ်ငန်းပုံစံနှင့် ဒေသခံများတက်ကြွစွာပါဝင်စေခြင်းများပင်ဖြစ်သည်။ ဂေဟတည်းခိုဆောင်လုပ်ငန်းတစ်ခုသည် ပမာဏကြီးမားပြီး (အခန်း ၇၀ ခန့်ထိပါဝင်သည့်) အဆင့်မြင့်သည့် ခရီးသည်များကိုဖြစ်စေ၊ ဈေးနှုန်းသက်သာသည့် သာမန်ခရီးသည်များအတွက်ဖြစ်စေ ရည်ရွယ်ပြီးဖွင့်လှစ်လုပ်ကိုင်သော်လည်း ဝန်ဆောင်မှုလုပ်ငန်းသွင်ပြင်လက္ခဏာများအနေဖြင့် အတူတူပင်ဖြစ်ကြောင်းကို သဘာဝထိန်းသိမ်းရေးအဖွဲ့ (Nature Conservancy)၏ အောက်ဖော်ပြပါ သတ်မှတ်ချက်များတွင် ဖော်ညွှန်းထားကြောင်း တွေ့ရှိရသည်။

- ဂေဟတည်းခိုဆောင်တစ်ခုချင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ်တွင် သက်ရောက်မှု အနည်းဆုံးဖြစ်နေရမည်။
- သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေမှုရှိသည့် အဆောက်အဦပုံစံ၊ ဒေသထွက်ကုန်ကြမ်းများ အသုံးပြု၍ နေရာဒေသနှင့်ကိုက်ညီသည့်အခင်းအကျင်းပုံစံတို့ကို အသုံးပြုရမည်။
- ရေရှည်စဉ်ဆက်မပြတ် ရေရရှိနိုင်မှု ၊ ဘေးကင်းစေသည့် စွန့်ပစ်အညစ်အကြေးနှင့် ရေဆိုးစွန့်ပစ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို အထောက်အပံ့ပေးနိုင်မည့် အစိမ်းရောင်နည်းပညာခေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းစနစ်များကို အသုံးပြုရမည်။
- ဂေဟတည်းခိုဆောင်များ ဖွံ့ဖြိုးရေးတွင် ဒေသခံများပါဝင်ရမည့်အပြင် ဒေသခံများ၏ စီးပွားရေးနှင့် ပညာရေးကို အကျိုးဖြစ် ထွန်းစေနိုင်မည့် နည်းလမ်းများကိုရှာဖွေရမည်။
- ခရီးသွားဧည့်သည်များအား သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ဗဟုသုတ အတွေ့အကြုံများရရှိစေနိုင်ရန် စီစဉ်ပေးရမည်။

အခန်းအမျိုးအစားပေါင်းစုံထည့်သွင်းထားသည့် အုတ်ဖြင့် အခိုင်အမာဆောက်လုပ်သော အထပ်မြင့်ဟိုတယ်များ၊ ရေနှင့်စွမ်းအင်တို့ကို အလွန်အမင်းအသုံးပြုထားသည့် တည်းခိုခန်းများ၊ ဟိုတယ်များနှင့် ရေကန်များပါဝင်သည့် ဂေါက်ကွင်း

အပန်းဖြေစခန်းများသည် ဂေဟာတည်းခိုဆောင်လုပ်ငန်းအမျိုးအစားတွင် ထည့်သွင်းသတ်မှတ်ခြင်းမရှိကြောင်းကိုလည်း သဘာဝထိန်းသိမ်းရေးအဖွဲ့(Nature Conservancy)၏ သတ်မှတ်ချက်တွင် ဖော်ပြထားပါသည်။

**ဂေဟာတည်းခိုဆောင်တွင် တည်းခိုလေ့ရှိသည့် ခရီးသွားဧည့်သည် အမျိုးအစားများ**

စီးပွားရေးလုပ်ငန်းတိုင်းအတွက် ဈေးကွက်ကို သိမြင်နားလည်ခြင်းသည် အဓိကသော့ချက်ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် နှစ်စဉ် ခရီးသွားဧည့်သည်စုစုပေါင်း သန်းပေါင်းတစ်ထောင့်နှစ်ရာခန့်ရှိနေပြီး ရေရှည်တည်တံ့စေသော ခရီးစဉ်များနှင့် အဖိုးတန်သည့် အစစ်အမှန်နေရာ၊ ပစ္စည်းအဆောက်အအုံများကို မြင်တွေ့ခံစားချင်သူများ ပေါ်များလာခြင်းသည် ဂေဟာတည်းဆိုဆောင် (Ecolodge) ဈေးကွက်အစစ်အမှန် ပေါ်ထွန်းလာစေရန် တွန်းအားပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေအများစုမှာ ဝေးလံခေါင်သီသောဒေသတွင်တည်ရှိသဖြင့် ဈေးကွက်ဖော်ဆောင်မှုအရ ခရီးသွားလုပ်ငန်းဈေးကွက်၏ ထိပ်ဆုံးသို့ ဦးတည်လျက်ရှိသည်။

ဂေဟာတည်းခိုဆောင်(Ecolodge)များသည် ညအိပ်တည်းခိုရန်သပ်သပ်မဟုတ်ဘဲ အားလပ်ရက်အပန်းဖြေခြင်းအတွက်ကိုပါ အတွေ့အကြုံများရရှိစေရန် ပေါင်းစပ်ထားသည့်နေရာဖြစ်ပါသည်။ ဂေဟာတည်းခိုဆောင်(Ecolodge)များသည် ဧည့်သည်များအတွက် ရိုးရှင်းသောနေရာထိုင်ခင်းတစ်ခု ဖန်တီးပေးမှု၊ ဒေသခံတို့၏ နေ့စဉ်နေထိုင်မှုပုံစံ လူမှုဘဝများနှင့်ပေါင်းကူးပေးနိုင်မှု၊ တောရိုင်းတိရစ္ဆာန်များအားတွေ့မြင်ခံစားနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ သဟဇာတဖြစ်တည်နေခြင်းကိုသိရှိနားလည်မှု အစရှိသောအတွေ့အကြုံများကို ပေးစွမ်းနိုင်ရပါမည်။ လွယ်ကူစွာသိရှိနိုင်စေရန်မှာ ဂေဟာတည်းခိုဆောင်(Ecolodge)များသည် တည်းခိုသူဧည့်သည်များအား သဘာဝနှင့်အနီးစပ်ဆုံးနေထိုင်နိုင်ရန် စီစဉ်ပေးခြင်းပင်ဖြစ်ပါသည်။

**သတ်မှတ်ချက်များ**

ဂေဟာတည်းခိုဆောင်(Ecolodge)တစ်ခုသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး ဧည့်သည်များအား ယင်းသတ်မှတ်ချက်တိုင်းသည် Ecolodge မူဝါဒများနှင့် မည်ကဲ့သို့ ကိုက်ညီမှုရှိရန်လိုကြောင်းကို ရှင်းပြနိုင်ရပါမည်-

**စွမ်းအင်ချွေတာမှု**

- ရေပူပေးရန်အတွက် နေရောင်ခြည်စွမ်းအင် သို့မဟုတ် အခြားသော သဘာဝစွမ်းအင်ကို အသုံးပြုခြင်း။
- အလင်းရောင်အတွက် နေရောင်ခြည် သို့မဟုတ် လေစွမ်းအင် အစရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်း။
- စွမ်းအင်ချွေတာသော မီးသီး၊ မီးချောင်းများကို အသုံးပြုခြင်း။
- ထင်းအစားထိုးလောင်စာ သို့မဟုတ် ထင်းအသုံးပြုမှုအနည်းဆုံး ချက်ပြုတ်ရေးကိရိယာများကို အသုံးပြုခြင်း။

E-LEARNING RESOURCES – ENERGY EFFICIENCY

**Hotel Energy Solutions: Key Energy Efficiency Solutions for SME Hotels**

hes.unwto.org/sites/all/files/docpdf/keyenergyefficiencysolutionsaugustfinalversion.pdf

**ပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်ခြင်း**

- " Reduce , Reuse & Recycle" ပြန်လုပ်ရန်အတွက် ခိုင်မာသောသန္နိဌာန်ချထားခြင်း။
- အော်ဂဲနစ်ခြံစိုက်ခြင်းနည်းလမ်းများအသုံးပြုခြင်း (ဓါတု ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် မြေသြဇာ အသုံးပြုမှု ရှောင်ကြဉ်ခြင်း)။
- ဒေသထွက်စားသောက်ကုန်များကို အသုံးပြုခြင်း။

- မီးဖိုချောင်ထွက် အညစ်အကြေးများမှ မြေသြဇာထုပ်လုပ်ပြီး ဂေဟတည်းခိုဆောင်၏ စိုက်ခင်းတွင် အသုံးပြုခြင်း။
- ဒေသထွက် အပင်မျိုးရင်းများကို စိုက်ခင်းနှင့် ဂေဟတည်းခိုဆောင် မြေပေါ်တွင် စိုက်ပျိုးခြင်း။
- ရေချိုအသုံးပြုခြင်းလျော့နည်းစေရန်အတွက် အိပ်ယာခင်းနှင့် ပုဝါများကို နေ့စဉ်လျှော်ဖွတ်ရခြင်းမှ လျော့ချခြင်း အစီအစဉ်ကို ဧည့်သည်များအားကမ်းလှမ်းခြင်း (ဥပမာ- အိပ်ယာခင်းများကို နေ့တိုင်းလဲပေးခြင်းထက် သုံးရက် တစ်ခါလဲပေးခြင်း)။
- အိပ်ယာခင်းများနှင့် ပုဝါများကို ဝါဂွမ်း၊ လျှော်၊ ဝါးတို့ ဖြင့်ပြုလုပ်ထားခြင်း။
- ပလတ်စတစ်နှင့် ပြန်လည်သုံးစွဲ၍ မရနိုင်သောပစ္စည်းများကိုအသုံးပြုခြင်းမှရှောင်ကြဉ်ခြင်း။
- သန့်ရှင်းရေးလုပ်သည့်ပစ္စည်းများသည် ဓာတုဆေးဝါး အဆိပ်အတောက်ကင်းပြီး သဘာဝအတိုင်း ကျေပျက် လွယ်သော ပစ္စည်းများဖြစ်ခြင်း။

E-LEARNING RESOURCES – FOOD WASTE REDUCTION

**Green Hotelier** www.greenhotelier.org/know-how-guides/reducing-and-managing-food-waste-in-hotels/

## သဘာဝအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်း

- မိုးရေနှင့် ပြန်လည်အသုံးပြုရသော ရေများကိုသုံးခြင်း။
- ရေချွေတာသော ရေပန်းများ တပ်ဆင်ခြင်း။

ECOLODGE CASE STUDY – RAINWATER HARVESTING

**Mihingo Lodge, Uganda** www.youtube.com/watch?v=Ztc8xRFAT54

## ဒေသရှိ ယဉ်ကျေးမှုနှင့် စီးပွားရေးကိုလေးစားပြီး ၎င်းတို့အား အကျိုးဖြစ်ထွန်းစေရန်ထောက်ပံ့ပေးခြင်း

- သဘာဝအခြေခံခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုတွင် ဒေသခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားများ၏ အမြင်နှင့် နားလည်သဘောတူပါဝင်မှုတို့ဖြင့် လူမှုစီးပွားအကျိုးအမြတ်များကို မျှဝေယူခြင်း။
- ဒေသခံ သို့မဟုတ် ဌာနေတိုင်းရင်းသားများကို အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေခြင်း။
- သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဧည့်သည်များအနေဖြင့်လည်း ဒေသခံများနှင့် အတူ ပါဝင်ဆောင်ရွက်နိုင်ရန် ရှင်းလင်းသော သတင်းအချက်အလက်များနှင့် အကြံပြုစာတမ်း ပြုစုထားခြင်းဖြင့် ဧည့်သည်များအတွက်ရော ဒေသအတွက်ပါ အကျိုးများစေခြင်း။
- ဂေဟတည်းခိုဆောင်၏ ဝန်းကျင်ပြင်ပတွင်လည်း ဂေဟစနစ်ဆိုင်ရာ အစီအစဉ်များ ထည့်သွင်းပါဝင်ခြင်း။
- ဂေဟဗေဒဆိုင်ရာ ဧည့်လမ်းညွှန်များအဖြစ် ဒေသခံအဖွဲ့ အစည်းများမှ ခန့်အပ်သုံးစွဲခြင်း။

ECOLODGE CASE STUDY – COMMUNITY

**Elsa's Kopje, Kenya - An award-winning lodge committed to the preservation of Meru National Park through tourism and community development** elsaskopje.com/

## Ecolodge တိုးတက်မှုအတွက် အလေ့အကျင့်ကောင်းများ

မြန်မာနိုင်ငံအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ၌ ဂေဟတည်းခိုဆောင်(Ecolodge)များ တည်ဆောက်ရန် စီမံကိန်း လုပ်ဆောင်မည့်သူများ ဆင်ခြင်စဉ်းစားနိုင်ရန် အောက်ပါမေးခွန်း (၆) ခုပြုစုထားသည်-

(၁) စီမံကိန်းဒေသသည် ၎င်း၏ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု နှင့် သဟဇာတ ဖြစ်ပါသလား။

(၂) ဒီဇိုင်းပုံစံသည် ပတ်ဝန်းကျင်ဒေသနှင့် အံဝင်ခွင်ကျ ဖြစ်ပါသလား။

(၃) ပတ်ဝန်းကျင်ထိခိုက် အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပါသလား။

(၄) ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသောဒေသများအား ဆက်လက်ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် အစီအမံများဆောင်ရွက်နိုင်ပါသလား။

(၅) ဒေသခံအဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံခြင်း၊ အကြံပေးခြင်း၊ အကြံရယူခြင်းနှင့် အကျိုးအမြတ်ခွဲဝေ ထောက်ပံ့ခြင်းများ ပေးနိုင်ပါသလား။

(၆) အဓိကဝန်ဆောင်မှုများတွင် ဧည့်သည်များ၊ ဝန်ထမ်းများနှင့် ဒေသခံအဖွဲ့များအနေဖြင့် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်အား လေ့လာသင်ယူခြင်း ပါဝင်အောင်စီမံလုပ်ဆောင်နိုင်ပါသလား။

- ECOLODGE CASE STUDY – MOUNTAINOUS ECOSYSTEMS
**Glass House Ecolodge, Australia: low-impact building and mountain ecosystem conservation through ongoing initiatives.** www.glasshouseecolodge.com/our-practices.html
- ECOLODGE CASE STUDY – MARINE ECOSYSTEMS
**Saladero Ecolodge, Costa Rica: comprehensive approach to operation sustainability along with active involvement in marine conservation.** www.saladeroecolodge.com/sustainability-2

**ဝေးလံခေါင်ဖျားမှုနှင့် ကုန်ကျစရိတ်များ**

သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ ဂေဟတည်းခိုဆောင်(Ecolodge)များမှာ များသောအားဖြင့် လမ်းပန်းဆက်သွယ်ရေး သွားလာရန်ခက်ခဲခြင်း၊ လမ်းမကြီးများ၊ မော်တော်ယာဉ်လမ်းများမရှိခြင်း၊ အခြားသောအဆောက်အဦများနှင့် ဝေးလံသောနေရာများတွင်တည်ရှိခြင်းတို့ကြောင့် ဆက်သွယ်ရေးစနစ်၊ လျှပ်စစ်မီး၊ ရေကောင်းရေသန့်ရရှိမှုနှင့် ရေဆိုးစွန့်ပစ်မှုစနစ်အားနည်းခြင်း သို့မဟုတ် လုံးဝမရှိခြင်းများ ဖြစ်နိုင်သည်။

ဆက်သွယ်ရေးလမ်းကြောင်း အဆင်မပြေမှုများကြောင့်လည်း ပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့တွင် အခက်အခဲရှိနိုင်ပါသည်။ ထိုအခက်အခဲများကို ဖြေရှင်းရန်အတွက် ငွေကြေးအကုန်အကျ ပိုမိုများပြားစေနိုင်ပါသည်။ ဥပမာအားဖြင့် ဒေသတွင်းရနိုင်သောဆောက်လုပ်ရေးပစ္စည်းများကို ရှာဖွေရန်လွယ်ကူသော်လည်း နေရောင်ခြည်စွမ်းအင်တည်ဆောက်ထုတ်လုပ်မှု၊ ရေစီမံခန့်ခွဲမှု အစရှိသောလုပ်ငန်းများကို ဒေသတွင်း စနစ်တကျတပ်ဆင် လုပ်ဆောင်ရန်ခက်ခဲစေနိုင်သည်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့် တည်းခိုဆောင်လုပ်ငန်းအတွက်ပါ အလုပ်သမားရှာဖွေခန့်ထားရန်အခက်အခဲရှိနိုင်သည်။ ဒေသခံအများစုအတွက် ဝန်ဆောင်မှုလုပ်ငန်းနှင့် ပထမဆုံးအကြိမ် ကြုံဆုံရခြင်းဖြစ်နိုင်သောကြောင့် ၄င်းတို့၏ မိရိုးဖလာလုပ်ငန်းများနှင့်စာလျှင် ကြီးမားသောစိန်ခေါ်မှုဖြစ်နိုင်ပါသည်။

**Ecolodge ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးမြေနေရာရွေးချယ်မှု၊ ပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှု တို့ကို အကဲဖြတ်ခြင်း**

ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီ သင့်လျော်သောမြေနေရာကို ရွေးချယ်၍ ဒီဇိုင်းရေးဆွဲသင့်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ရာတွင် ဒေသခံများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဒေသခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အနီးကပ် လက်တွဲဆောင်ရွက်သင့်ပါသည်။ ဒေသခံတို့ကို ထိခိုက်စေနိုင်သည့် မြေယာပိုင်ဆိုင်မှုနှင့်သက်ဆိုင်သော ပြဿနာများနှင့် လုပ်ငန်းခွင်နေရာရေရှည်တည်တံ့စေရေးကို တိကျသေချာစွာ သုတေသနပြုလုပ်ရန်လိုအပ်ပြီး နားလည်စေမည့် ပတ်ဝန်းကျင်ထိခိုက်မှု

ဆန်းစစ်ခြင်း Environment Impact Assessment (EIA) နှင့် Social Impact Assessment (SIA)ကို ပြည့်စုံအောင် လုပ်ဆောင်ထားသင့်သည်။ ထိုလုပ်ဆောင်ချက်သည် ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ထိရှလွယ်သောနေရာများတွင် ခရီးသွား လုပ်ငန်းလုပ်ဆောင်ခြင်းမှရှောင်ကြဉ်ရန်၊ ခရီးသွားလုပ်ငန်းလုပ်ဆောင်ရန် သင့်သောနေရာအဖြစ်သတ်မှတ်ခြင်းနှင့် လုပ်ဆောင်ရန် မသင့်သောနေရာများကို သိသာအောင်ဖော်ပြနိုင်ရမည်။ အကဲဖြတ်မှတ်တမ်းများ ကောက်ယူရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်နိုင်မည့် ကျွမ်းကျင်ပညာရှင်ကို လုပ်ကိုင်ငှားရမ်းသင့်ပါသည်။ နေရာအကဲဖြတ်မှု အတွက် အောက်ပါစံနှုန်းများ ပါဝင်သင့်သည်-

- ဒေသခံအဖွဲ့ အစည်းများအပေါ် အကျိုးသက်ရောက်မှု
- အဝင်လမ်း - ကားလမ်း၊ လေယာဉ်ကွင်းနှင့် ဆိပ်ကမ်းများမှ အကွာအဝေး
- သဘာဝရှုမျှော်ခင်းနှင့် မြင်ကွင်းများ
- သဘာဝအရင်းအမြစ်များ
- ယဉ်ကျေးမှု အမွေအနှစ်များ
- အနီးအနားရှိ မြေအသုံးချမှု
- တည်နေရာ
- ခရီးသွားရာသီ၊ ဂေဟတည်းခိုဆောင် ဖွင့်လှစ်လုပ်ကိုင်နိုင်မည့် ရာသီချိန်
- ရေကြီးရေလျှံနိုင်သည့်နေရာများ သို့ မဟုတ် ရာသီဥတုအလိုက်ဖြစ်လာနိုင်သည့် အနေအထားများ
- မြေယာပိုင်ဆိုင်မှုနှင့် ရပိုင်ခွင့်
- ရှားပါးတောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ
- ဒေသရင်း တိရစ္ဆာန်များနောက်ယှက် ခံရနိုင်ခြင်း အခြေအနေ
- ရေမြေရှုခင်း အပြောင်းအလဲ
- ဒေသခံ အဖွဲ့ အစည်းများအပေါ် နိုင်ငံခြားယဉ်ကျေးမှု လွှမ်းမိုးခြင်း

E-LEARNING RESOURCES – SITE SUITABILITY

Best Practice Ecotourism Development Guidelines. Queensland Government (2014).
www.nprsr.qld.gov.au/tourism/pdf/eoi-best-practice-ecotourism.pdf

## ဒီဇိုင်းပုံစံ

ဗိသုကာပညာနှင့် အခြေခံအဆောက်အဦသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ပြီး သဘာဝ ကုန်ကြမ်းများ အဓိကထားသုံးစွဲရမည်။ ထို့ အပြင် အဆောက်အဦသည် ပတ်ဝန်းကျင်တွင် အမြင်အားဖြင့် သိသာထင်ရှားမှု အနည်းဆုံးဖြစ်နေရမည်။ မည်သည့်ဒီဇိုင်းနှင့်ဆောက်လုပ်ရန် ရည်ရွယ်သည်ဖြစ်စေ အောက်ဖော်ပြပါ အချက်အလက်များကို သဘောပေါက်ပြီး ဂေဟတည်းခိုဆောင်(Ecolodge) တည်ဆောက်မှုတွင် အတွေ့အကြုံရှိပြီး ဒီဇိုင်း၏အရေးပါပုံကို နားလည် နိုင်သော ဗိသုကာပညာရှင်ကို ငှားရမ်းလုပ်ဆောင်ရန် လိုအပ်ပါသည်။

- အဆောက်အဦးသည် သဘာဝအလင်းရောင်နှင့် အနွေးဓာတ်ကိုရယူပြီး သဘာဝလေကို အခန်းအတွင်း လေဝင် လေထွက်ကောင်းစေရန်နှင့် အေးမြနေစေရန်အတွက် သုံးသင့်သည်။ သက်တမ်းရင့် သစ်ပင်များသည် အရိပ်ရ စေပြီး အခန်းကိုအေးစေသောကြောင့် လေအေးပေးစက်သုံးခြင်းကို လျှော့ချစေနိုင်သည်။
- ဒီဇိုင်းဆွဲရာတွင် ရေရှည်တည်တံ့သော ဒေသထွက်ပစ္စည်းများနှင့် တစ်ပတ်ရစ်၊ ပြန်လည်သုံးစွဲနိုင်သော ပစ္စည်းများ အဓိကထားပြီးထည့်သုံးရမည်။ သဘာဝသဲ၊ ကျောက်များသည် ပြန်လည်ပြည့်ဖြိုးမြဲ ပစ္စည်းများမဟုတ်သော်လည်း

အသုံးပြုနိုင်သည်။ ဒေသထွက်ပစ္စည်းများ အသုံးပြုခြင်းသည် ကုန်ကျစရိတ်လျှော့ချခြင်းသာမက ဒေသခံများ၏ စီးပွားရေးနှင့် အလုပ်အကိုင်ကို အကျိုးဖြစ်စေသည့်အတွက် ဒေသထွက်ပစ္စည်းများအသုံးပြုခြင်းကို အားပေးသင့်သည်။

- အနာဂတ်အတွက် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျှော့ချရန် လုပ်ငန်းအတွက် ရေအသုံးချမှု၊ စွမ်းအင်အသုံးချမှုနှင့် ကုန်ကြမ်းပစ္စည်းများသုံးစွဲမှုကို အနည်းဆုံးဖြစ်စေရန် ဒီဇိုင်းပုံစံဆွဲရမည်။ ရေ သို့မဟုတ် စွမ်းအင်ချွေတာနိုင်သော ပစ္စည်းများကို တပ်ဆင်ပါ။ ဥပမာ - ရေအနည်းငယ်သာသိုလှောင်ရသောအိမ်သာများ၊ တစ်ခါသုံးရေများကို ပြန်လည်သုံးစွဲခြင်းနှင့် ဥယျာဉ်ခြံအတွက် မိုးရေများစုဆောင်းခြင်း။
- ဆောက်လုပ်ရေးနေရာ၊ အရွယ်အစားနှင့် နည်းပညာများမှတဆင့် ဒေသခံအဖွဲ့အစည်း၊ ဧည့်သည်များနှင့် တောရိုင်းတိရစ္ဆာန်များကို ထိခိုက်စေနိုင်သည့် အသံဆူညံခြင်းနှင့် အလင်းရောင်ဖြင့် အမြင်အာရုံထိခိုက်ခြင်းများကို လျှော့နည်းအောင်လုပ်ဆောင်ရမည်၊ သဘာဝအလင်းရောင်ကို တတ်နိုင်သမျှအသုံးပြုပါ။ သို့သော် လုပ်ငန်းခွင်အတွင်း ညအချိန်သွားလာရာတွင် လုံခြုံစိတ်ချမှုနှင့် ဘေးကင်းမှုရှိစေရန် လုံလောက်သော အလင်းရောင်ရှိပါစေ။
- ဒေသအတွင်းရှိ လက်ရာမြောက်သော ဗိသုကာပုံစံများကို သုံးစွဲခြင်းဖြင့် ဒေသအတွင်းရှိ အနုပညာလက်ရာများကို ဖော်ထုတ်ပါ။
- အပင်များထက်နိမ့်သော ဒီဇိုင်းပုံစံများကို အသုံးပြုခြင်းဖြင့် အဆောက်အဦ၏ သိသာထင်ရှားမှုကိုလျှော့ချပါ။ လျာထားသော လုပ်ငန်းခွင်ဆောက်လုပ်ရေးနေရာရှိ ဇီဝမျိုးစုံမျိုးကွဲများကို အထောက်အပံ့ပေးနိုင်ရန်အတွက် ဒေသရှိ ဆေးဖက်ဝင်အပင်များကို စိုက်ပျိုးထိန်းသိမ်းပါ။ သစ်ပင်နှင့် ပန်းခင်းများသည် အဆောက်အဦ၊ ကားရပ်နားရန်နေရာရှိလမ်းများနှင့် လျှောက်လမ်းများကို အလှဆင်ပေးနိုင်ပါသည်။ မြေနေရာအလိုက် ဒေသထွက်ဟင်းသီးဟင်းရွက်များကိုလည်း ထည့်သွင်းပြီး စိုက်ပျိုးထိန်းသိမ်းပါ။

(*အောက်ပါမေးခွန်းများသည် Queensland အစိုးရ၏ Ecolodge ဆိုင်ရာအလေ့အကျင့်ကောင်းများကို မှီငြမ်းထားပြီး မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ သဘာဝခရီးသွားလုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ အဆောက်အဦ မြေနေရာ၊ ပုံစံ နှင့်သွင်ပြင်လက္ခဏာတို့ကိုရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် ထည့်သွင်းပေးထားပါသည်။*)

- ဂေဟတည်းခိုဆောင်(Ecolodge)တစ်ခုသည် ၎င်း၏ပတ်ဝန်းကျင်နှင့် တစ်သားတည်းဖြစ်နေပါသလား။
- မြေမျက်နှာသွင်ပြင် အနေအထားသည် Ecolodge အားလွှမ်းမိုးမှုရှိနေပါသလား။
- ဂေဟတည်းခိုဆောင်(Ecolodge)ဒီဇိုင်းပုံစံနှင့် သွင်ပြင်လက္ခဏာတို့သည် ပထဝီဝင်အနေအထားကို ထိရောက်စွာ အသုံးချထားပါသလား။
- အဆောက်အဦး ဒီဇိုင်းပုံစံသည် အသံ၊ ရှုခင်းနှင့်အနံ့အသက်တို့ နှင့်လိုက်ဖက်ညီမှုရှိပါသလား။
- ဂေဟတည်းခိုဆောင်(Ecolodge)တစ်ခု၏ စွမ်းအင်သုံးစွဲမှုပုံစံ(Carbon Foot Print) မည်မျှရှိမည်နည်း။ လျှော့နည်းအောင်ပြုလုပ်၍ ရနိုင်မည်လား။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို မည်ကဲ့သို့အသုံးပြုမည်နည်း။
- လေဝင်လေထွက်ကောင်းမွန်ခြင်း၊ သွယ်ဝိုက်အပူပေးခြင်း၊ အအေးခံခြင်းနှင့် အပူအအေးထိန်းသိမ်းခြင်း များကို အထောက်အပံ့ဖြစ်စေရန် အရပ်မျက်နှာမူရာအရပ်နှင့် နေရာအထားအသိုများကို သုံး၍ရနိုင် ပါသလား။
- ဒေသထွက်ကုန်ကြမ်းများ သုံးစွဲမှုနှင့် သွင်ပြင်လက္ခဏာများက ဒေသရှိယဉ်ကျေးမှုအမြင်နှင့် ဒေသအတွင်းရှိ အခြားသောအဆောက်အဦများကို ထင်ဟပ်နေသလား။
- မြေနေရာအနေအထားသည် မပြုမပြင်ဘဲ ရေရှည်တည်တံ့နိုင်စွမ်းရှိပါသလား သို့မဟုတ် ပြုပြင်ထိန်းသိမ်းမှု အနည်းငယ်လိုအပ်ပါသလား။

- ဒီဇိုင်းဆွဲရာတွင် ပါဝင်သင့်သည့် အဓိကအချက်များဖြစ်သော ပြန်လည်သုံးစွဲနိုင်သည့် ပစ္စည်းများ၊ ရေနှင့်စွမ်းအင်ကို ချွေတာသောစနစ်များ ပါရှိပါသလား။
- ဂေဟာတည်းခိုဆောင်(Ecolodge)၏ အရေးပါသောပါဝင်မှုများအဖြစ် ၄င်းတို့ကို မြှင့်တင်၍ရပါမည်လား။

E-LEARNING RESOURCES – DESIGN

**A comprehensive guide to Ecolodge Architectural Design By the world renowned Ecolodge architect Hitesh Mehta**. www.uvm.edu/rsenr/rm230/Mehta Chapter 3.pdf

## တည်ဆောက်ရေးလုပ်ငန်း

ဆောက်လုပ်ရေးအဖွဲ့ဝင်များသည် ထိခိုက်လွယ်သည့်နေရာများတွင် အလုပ်လုပ်ရသည့်အတွက် ပတ်ဝန်းကျင် အခြေအနေ၏ ထူးခြားချက်များကို သတိထားအလေးပေး၍ ဆောင်ရွက်ရပါမည်။ ၄င်းတို့ မှာ -

- သဘာဝသစ်ပင်သစ်တောနှင့် ဂေဟာစနစ်ကို မည်ကဲ့သို့ ကာကွယ်ရမည်ကိုနားလည်ခြင်း။
- သက်ရောက်မှုအနည်းဆုံးနှင့် လက်ဖြင့်ဆောက်လုပ်သော နည်းလမ်းစနစ်များကိုအသုံးပြုခြင်း။
- ဒေသခံလုပ်အားပါဝင်ခြင်း။
- အထူးအရေးပါသောနေရာများကို ဖုန်သတ်မှတ်ခြင်းနှင့် နယ်ပယ်သတ်မှတ်ခြင်း။
- အဆောက်အဦဆောက်သည့်နေရာပတ်လည်တွင် ဆောက်လုပ်ရေးပစ္စည်းအပိုင်းအစများ ကျန်ရှိမနေအောင် ကန့်သတ်ခြင်း။
- အဆောက်အဦအတွင်းနှင့် ပတ်ဝန်းကျင်တွင် ယာဉ်သွားလမ်းကြောင်း တစ်ခုသာထားရှိရန်စီမံခြင်း။
- ဆောက်လုပ်ရေးလုပ်ငန်းမှထွက်ပေါ်လာသည့် ပစ္စည်းများကို ကြိုတင်စီစဉ်ထားသည့်နေရာ သို့မဟုတ် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ခြင်း။

## ဆောက်လုပ်ရေးအတွက် အဓိက လမ်းညွှန်ချက်များ

- ဖြစ်နိုင်ပါက ဒေသအတွင်းရှိ ဆောက်လုပ်ရေးပစ္စည်းများကို ဝယ်ယူအသုံးပြုပါ။
- မှန်၊ အုတ်ကြွပ်၊ သစ်အစရှိသည့် ပြန်လည်အသုံးပြု၍ရနိုင်သော သဘာဝထွက်ပစ္စည်းများကို ဦးစားပေး အသုံးပြုပါ။
- လုပ်ငန်းခွင်နေရာကို တူးဖော်ခြင်းနှင့် တနည်းနည်းဖြင့် ပျက်စီးစေခြင်းများ အနည်းဆုံးဖြစ်ရန်လုပ်ပါ။
- လုပ်ငန်းခွင်အတွင်းသို့ သယ်ယူလာသောမြေကြီး၊ သဲနှင့်ကျောက်စရစ်ခဲတို့တွင် ပေါင်းပင်နှင့် ရောဂါပိုးများ ပါဝင်မှုမရှိစေရန် သတိပြုပါ။
- ကန်ထရိုက်တာနှင့် ဆောက်လုပ်ရေးလုပ်သားများအားလုံးကို ဂေဟာတည်းခိုဆောင်(Ecolodge)၏ သွင်ပြင်လက္ခဏာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းလုပ်နေစဉ်အတွင်း ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် အရေးကြီးပုံကို ပညာပေးထားပါ။
- ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန်အတွက် အရေအတွက် စစ်တမ်းကောက်သူများက လိုအပ်သောပမာဏများကို သေချာစွာ စစ်တမ်းကောက်ယူပါ။
- ဆောက်လုပ်ရေးလုပ်ငန်း၏ ပတ်ဝန်းကျင်ပြုပြင်ပြောင်းလဲခြင်းကို အနည်းဆုံးဖြစ်အောင်လုပ်ပါ။
- ဆောက်လုပ်ရေးလုပ်ငန်းနှင့် အနီးတဝိုက်ရှိ သက်တမ်းရင့် သစ်ပင်များနှင့် သစ်တောသစ်ပင်များကို ထိန်းသိမ်းပါ။
- ပြုပြင်ထိန်းသိမ်းရသက်သာစေသော၊ အချောသတ်ရလွယ်ကူစေသော ပစ္စည်းများကိုရွေးချယ်ပါ။
- ဝါး၊ ဒေသကျောက်နှင့် သစ်အစရှိသည့် ရေရှည်တည်တံ့နိုင်သော ဒေသထွက်ပစ္စည်းများကို များများရွေးချယ်သုံးစွဲပါ။

ECOLODGE CASE STUDY – CONSTRUCTION

**Montana Magica Ecolodge: leading example on how to build sustainably and in harmony with nature.**

huilohuilo.com/nuestros-alojamientos/montana-magica-lodge/

**Basata Ecolodge: building with clay, animal manure and straw**

www.youtube.com/watch?v=_FnYLwfFR8k

## Ecolodge လည်ပတ်ပုံ

*Ecolodge လည်ပတ်ပုံဖြစ်စဉ်သည် နေရာထိုင်ခင်းကို အများဆုံးအသုံးပြုနေချိန်တွင်းဖြစ်သည်။ Ecolodge ၏ အဓိက အလေ့အကျင့်ကောင်းများသည် လုပ်ငန်းလည်ပတ်စဉ် အခြေခံစည်းမျဉ်း သုံးချက်အတွင်း အနုတ်သဘော ဆောင်သော သက်ရောက်မှုများကို လျှော့ချပြီး အပြုသဘောဆောင်သော သက်ရောက်မှုကို တိုးမြှင့်အောင် လုပ်ဆောင် ခြင်းဖြစ်သည်။*

- ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများနှင့် အနက်အဓိပ္ပာယ်ဖော်ဆောင်ရာတွင် တာဝန်ယူမှုရှိသောဝန်ထမ်းများကို ဦးစား ပေးခန့်ပါ။
- ဂေဟာတည်းခိုဆောင်(Ecolodge)မှ အထောက်အပံ့ပေးနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုတိုင်းအတွက် ဝန်ထမ်းများထံမှ အကြံဉာဏ်များတောင်းခံခြင်းနှင့် သင်တန်းပေးခြင်းများကို ပြုလုပ်ပါ။
- ဂေဟာတည်းခိုဆောင်(Ecolodge)တွင် သုံးသောပစ္စည်းများကို သဘာဝအတိုင်းထုတ်လုပ်ထားသော ပစ္စည်းများကို အသုံးပြုပါ။
- ရှားပါးမျိုးစိတ်များနှင့် ပျောက်ကွယ်လုနီးပါး မျိုးစိတ်များမှ ရရှိသောအရာများကို သုံးခြင်းမှရှောင်ကြဉ်ပါ။
- တရားမဝင်နည်းလမ်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ပျက်စီးစေနိုင်သည့် သဘာဝနှင့်မကိုက်ညီသော နည်းလမ်း များကိုအသုံးပြု၍ ရရှိလာသောအရင်းအမြစ်များကို မသုံးရ။
- ပစ္စည်းထောက်ပံ့သူများ - သဘာဝအရင်းအမြစ်များရေရှည်တည်တံ့စေရန်အတွက် ဒေသတွင်းရှိပစ္စည်း ထောက်ပံ့ သူများနှင့် လက်တွဲလုပ်ဆောင်၍ ဒေသထွက်ပစ္စည်းများကို ဝယ်ယူသုံးစွဲပါ။ ပစ္စည်းထုတ်ပိုးမှုကို အနည်းဆုံး ဖြစ်အောင်လုပ်ပါ။ ပမာဏများများထုတ်ပိုးထားသောပစ္စည်းများဖြစ်ပါက သဘာဝအတိုင်း ထုတ်ပိုးထားသော ပစ္စည်းများကို ဝယ်ယူပါ။

### ဒေသခံများ ပါဝင်ဆောင်ရွက်မှု

ဂေဟာတည်းခိုဆောင်(Ecolodge) ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံတို့နှင့် ဆက်သွယ်ပူးပေါင်း လက်တွဲလုပ်ဆောင် ခြင်း၏ အလေ့အကျင့်ကောင်းမှာ ecolodge တစ်ခု စတင်ပြင်ဆင်ချိန်မှစ၍ ဒေသခံများနှင့်ဆက်သွယ် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် Ecolodge ၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဆိုင်ရာကိစ္စရပ်များအတွက် ဒေသခံအဖွဲ့အစည်း၏ နားလည်မှု၊ သဘောတူညီမှုနှင့် ထောက်ခံချက်များကို ရရှိစေနိုင်ပါသည်။

- ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို မြှင့်တင်ပါ။ ဒေသခံအလုပ်သမားများများ ခန့်ထား နိုင်ရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံခန့်ခွဲမှုသင်တန်းများတွင် ဒေသခံများကို ထည့်သွင်းပါ။
- မိမိပါတ်ဝန်းကျင်တွင် စီးပွားရေးအလေ့အကျင့်ကောင်းများကိုဖော်ဆောင်၍ ခရီးသွားလုပ်ငန်းတွင်းရှိ တန်ဖိုးကွင်း ဆက်တွင်ပါဝင်သောသူများအားလုံး အကျိုးဖြစ်ထွန်းစေရန်နှင့်ဒေသခံတို့၏ ဝင်ငွေတိုးတက်လာစေရန် လက်မှု ပညာနှင့်ဒေသထွက်ပစ္စည်းများတန်ဖိုး မြင့်လာစေရန်ဆောင်ရွက်ပါ။
- ဧည့်သည်နှင့်အိမ်ရှင်အကြား စစ်မှန်သောယဉ်ကျေးမှုဖလှယ်ခြင်းကို ဖန်တီးပေးပါ။

- ဧည့်သည်များအတွက် ထုတ်ဝေထားသည့် "ဆောင်ရန်၊ ရှောင်ရန်"များကို အသုံးပြုခြင်းဖြင့် ဒေသခံအဖွဲ့အစည်းအတွက် အနှောင့်အယှက်များနှင့် လက်မခံနိုင်သောအရာများကို နည်းအောင်လုပ်ပါ။
- ဒေသခံများအတွက် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်တို့ ထိတွေ့မှုများ ကန့်သတ်ထားခြင်းမျိုးမရှိအောင် လုပ်ဆောင်ပါ။
- ဒေသခံအဖွဲ့အစည်း၏ လူမှုအကျိုးစီးပွားများ ( ဥပမာ - ကျန်းမာရေးနှင့်ပညာရေး အထောက်အပံ့ပေးမှုများ ) ရရှိနိုင်မည့်အခွင့်အလမ်းများကို ဖော်ထုတ်ပါ။
- ဒေသရှိခရီးသွားလုပ်ငန်းနှင့် Ecolodge ၏ သက်ရောက်မှုများနှင့်ပတ်သက်သောကိစ္စများကို Ecolodge သက်တမ်းတစ်လျှောက်လုံး ဒေသခံများနှင့်ပူးပေါင်းပါဝင် ဆွေးနွေးညှိနှိုင်းအကြံပေးခြင်း၊ အကြံရယူခြင်း၊ တွေ့ဆုံခြင်းများကို ပုံမှန်လုပ်ပါ။
- သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၏ အရေးကြီးပုံများ၊ ပညာပေးသည့် အစီအစဉ်များကို ဒေသခံများနှင့်ပူးပေါင်း၍လုပ်ဆောင်ပါ။
- ဒေသအတွင်းရှိကျောင်းများတွင်သွားရောက်ပြီး ရိုးရာယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်များ၊ ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော သင်တန်းများပေးနိုင်ရန်အတွက်လည်း လုပ်ဆောင်ပါ။
- ဒေသခံတို့၏ယုံကြည်မှုနှင့် ဆက်ဆံရေးတည်ဆောက်ရန်အတွက် ဒေသခံစကားကို ကြိုးစား၍ အသုံးပြုပါ။
- ဒေသဆက်သွယ်ရေးအရာရှိ၏တာဝန်ပိုင်းတွင် ဒေသအပေါ်အဓိကထားသည့် လုပ်ဆောင်မှုများကိုပြုလုပ်ရန် ရည်ရွယ်ထားသောအချက်များကို ထောက်ပံ့မှုပေးနိုင်ရမည်။ ဆက်သွယ်ရေးအရာရှိ ရှိနေပြီးသားအဖွဲ့အတွင်းမှ ပုဂ္ဂိုလ်တစ်ယောက်ကိုခန့်လျှင်လည်း ရနိုင်ပါသည်။ ဖြစ်နိုင်ပါက ဤရာထူးအတွက် ဒေသစကားကျွမ်းကျင်ပြီး ဒေသယဉ်ကျေးမှုအကြောင်း နားလည်သည့်ဒေသခံကိုခန့်ထားပါ။ အဓိကနေရာဒေသများတွင် ဒေသခံများကို တိုက်ရိုက်အလုပ်ခန့်ခြင်း သို့မဟုတ် ဝန်ဆောင်မှုများတွင်အသုံးပြုခြင်းဖြင့် အလုပ်အကိုင် ဖန်တီးပေးနိုင်ပါသည်။

**ဝန်ထမ်းများကိုတိုက်ရိုက်ခန့်ခြင်း။**

- (ဧည့်ကြိုဌာန ၊မီးဖိုချောင်၊ သန့်ရှင်းရေး၊ ဥယျာဉ်ခြံ၊ ပြုပြင်ထိန်းသိမ်းရေး၊ လုံခြုံရေး )
- ဧည့်လမ်းညွှန်ခြင်းနှင့် စကားပြန်လုပ်ငန်း
- လက်မှုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းနှင့် ယဉ်ကျေးမှုတန်ဘိုးများသိရှိအောင် ထောက်ပံ့ပေးခြင်း ။
- ဒေသရှိ အစားအသောက်ထုတ်လုပ်ရောင်းချသူများ
- Ecolodge ပြုပြင်ထိန်းသိမ်းရန်နှင့် ဝန်ဆောင်မှုများ (ဥပမာ စက်ပစ္စည်းနှင့် စက်ဘီးထိန်းသိမ်းမှု)

**Ecolodge တစ်ခုအတွင်း ဧည့်သည်များမှ လုပ်ဆောင်နိုင်မည့်အရာများ**

သဘာဝအခြေခံခရီးသွားသူများ(Ecotourists)ကို အဓိပ္ပါယ်ဖွင့်ဆိုပါက သဘာဝအတိုင်းတည်ရှိသော ပတ်ဝန်းကျင်၊ သဘာဝအလှအပများနှင့် စိတ်ဝင်စားဖွယ်ကောင်းသော ဒေသခံတို့၏ ယဉ်ကျေးမှုများကို လေ့လာသူများဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များအကြောင်းလေ့လာလိုခြင်း၊ အပင်နှင့် တိရစ္ဆာန်များကိုကြည့်ရှုခြင်း၊ ယဉ်ကျေးမှုများကို ခံစားခြင်းနှင့် ဒေသခံတို့ အကျိုးအမြတ်ပိုမိုရရှိနေခြင်းကို တွေ့မြင်လေ့လာချင်သူများဖြစ်သည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ပညာပေးမှုနှင့် စွန့်စားမှုအစိတ်အပိုင်းများပါဝင်သည့် လှုပ်ရှားတက်ကြွမှု၊ စူးစမ်းလေ့လာမှု၊ အတွေ့အကြုံခံစားမှုများ ပါဝင်သည်။

**ဥပမာအားဖြင့် -**

- သဘာဝဒေသအတွင်း လမ်းလျှောက်ခြင်းနှင့် သဘာဝကိုခံစားခြင်း။

- တောထဲတောင်ထဲတွင်လမ်းလျှောက်ခြင်း၊ ရှုရှုပြေးခြင်း။
- တောရိုင်းတိရစ္ဆာန်လေ့လာရေးခရီးစဉ် နှင့် ငှက်ကြည့်ခရီးစဉ်များ။
- လှေလှော်ခြင်း။
- တောင်ကျချောင်းများတွင် လေထိုးဖောင်စီးခြင်း။
- မော်တော်ယဉ်များဖြင့်တောတွင်းခရီးကြမ်းထွက်ခြင်း။
- ကျောက်တောင်တက်ခြင်း၊ တစ်တောင်နှင့်တစ်တောင်ကြား ကြိုးဖြင့် ခိုကူးခြင်း၊ တောင်ပေါ်မှ ကြိုးဖြင့် ဆင်းခြင်း။
- တောင်တက်ခြင်း။
- ဓါတ်ပုံရိုက်ခရီးသွားခြင်း။
- ငါးမြှားခြင်း။
- မြစ်ချောင်းအင်းအိုင်နှင့် ပင်လယ်တို့ တွင်ရေကူးခြင်း၊ ရေငုပ်ခြင်း။
- လှေဖြင့် ခရီးသွားခြင်း။
- ရှေးဟောင်းသုတေသန ခရီးသွားခြင်း။
- ပညာပေးဟောပြောပွဲများနှင့် ရှင်းလင်းတင်ပြခြင်းများ။
- သမိုင်းနှင့် ယဉ်ကျေးမှု အတွေ့ အကြုံများလေ့လာခြင်း။
- ကျောင်းသားကျောင်းသူများ သုတေသနပြုလုပ်ခြင်း အစီအစဉ်များ။

**အောင်မြင်မှုအတွက်စံနှုန်းများ**

ဂေဟတည်းခိုဆောင်(Ecolodge)တစ်ခု အောင်မြင်ရန်အတွက် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဂေဟစနစ်၊ လူမှုယဉ်ကျေးမှုနှင့် စီးပွားရေးတို့ကို ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရပါမည်။ ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရာတွင် အထောက်အပံ့ပေးနိုင်ရေးအတွက် စီးပွားရေးအရ လည်ပတ်နိုင်စွမ်း ရှိရပါမည်။ အချုပ်ဆိုရလျှင် ဂေဟတည်းခိုဆောင်(Ecolodge)တစ်ခုသည် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းကျိုးများဖြစ်စေခြင်း၊ ဒေသခံများ အကျိုးအမြတ်ရရှိစေခြင်း၊ ဧည့်သည်များအတွက်လည်း အကျိုးကျေးဇူးများရရှိပြီး၊ အိမ်ရှင်အတွက် စီးပွားရေးအရ တွက်ခြေကိုက်သောလုပ်ငန်းဖြစ်ရမည်။

**USEFUL RESOURCES**

Myanmar Laws

Environmental Impact Assessment (EIA) Procedure

*http://www.aecen.org/sites/default/files/eia-procedures_en.pdf*

Environmental Conservation Rules (2014)

*http://www.burmalibrary.org/docs21/2014-06-Environmental_Conservation_Rules-en.pdf*

Myanmar Tourism and Conservation Policy

Myanmar's Tourism Master Plan 2013 - 2020

*http://www.harrison-institute.org/MyanmarTourismMasterPlan202013-2020.pdf*

Myanmar's Responsible Tourism Policy

*http://www.myanmarresponsibletourism.org/myanmar-responsible-tourism-policy*

Myanmar's Community Involvement in Tourism

http://www.myanmarresponsibletourism.org/policy-on-community-involvement-in-tourism-cit/

National Biodiversity Strategy and Action Plan 2015 – 2020

http://www.myanmarchm.gov.mm/sites/default/files/publication/NBSAP%202015-2020%20English.pdf

International Ecolodge Guidelines: Planning, Design and Operation

UNWTO - International Ecotourism Guidelines

http://www.e-unwto.org/doi/book/10.18111/9789284405480

The Nature Conservancy – Ecolodge Guidelines

https://www.scribd.com/document/317294225/Ecolodge-Guidelines-v1

Egypt - Manual for Ecolodge Planning, Design and Operation.

http://epasp.org/documentation/ENHANCING-SUSTAINABLE/Part5.pdf

Australia, Queensland - Best Practice Ecotourism Development Guidelines

http://www.npsr.qld.gov.au/tourism/pdf/eoi-best-practice-ecotourism.pdf

Botswana – Ecotourism Best Practices Manual

http://www.botswanatourism.co.bw/sites/default/files/publications/BTO%20EcoTourism%20Best%20Practices%20Manual.pdf

Sustainable Building Guides

Green Building Materials: A Guide to Product Selection and Specification, 3rd Edition

http://as.wiley.com/WileyCDA/WileyTitle/productCd-047053804X.html

Sustainable Construction: Green Building Design and Delivery, 3rd Edition

http://as.wiley.com/WileyCDA/WileyTitle/productCd-1119055172.html

Shaping Buildings for the Humid Tropics. Patti Stouter. ASLA. 2008

http://www.greenhomebuilding.com/pdf/shapingbuildings1.pdf

Eco Housing Guidelines for the tropical regions of Asia. UNEP.

http://www.chs.ubc.ca/archives/files/Eco-Housing%20Guidelines%20for%20the%20Tropical%20Regions%20of%20Asia.pdf

Sustainable Tropical Building Design. Cairns Regional Council. 2011. (Australia)

http://www.cairns.qld.gov.au/__data/assets/pdf_file/0003/45642/BuildingDesign.pdf

Water Efficiency

Kuoni - Water Management Manual for Hotels http://www.kuoni.com/docs/kuoni_wmp_manual_0.pdf

Water Efficient Designs for Ecolodges. Ahmed K. Mohamed.

https://www.academia.edu/3088038/WATER-EFFICIENT_DESIGN_GUIDELINES_FOR_ECOLODGES_ALONG_EGYPTIAN_COASTS

The Travel Foundation - Resource Efficiency for Hotel Managers

http://www.thetravelfoundation.org.uk/images/media/Handouts_-_English.pdf

NYC Environmental Protection - Hotel Manager's Guide to Water Efficiency.

http://www.nyc.gov/html/dep/pdf/conservation/housekeeping-booklet.pdf

**Energy efficiency**

Hotel Energy Solutions - Successful Energy Efficiency Technologies Integration in SME Hotels.

*http://hes.unwto.org/sites/all/files/docpdf/bestpracticesguidesuccessfuleetintegrationinsmehotelsaugustfinalversion2.pdf*

Hotel Energy Solutions – Successful Renewable Energy Technologies Integration for SME Hotels.

*http://hes.unwto.org/sites/all/files/docpdf/bestpracticesguide-successfulrenewableenergytechnologiesintegrationinsmehotels2282011.pdf*

Hotel Energy Solutions – Key Renewable Energy (RE) Solutions for SME Hotels.

*http://cf.cdn.unwto.org/sites/all/files/pdf/keyrenewableenergyresolutionsforsmehotelspublication24aug2011.pdf*

**Solid and Wastewater Management**

UNEP – A Manual for Water and Waste Management: What the Tourism Industry Can Do To Improve Its Performance.

*http://www.unep.fr/shared/publications/pdf/WEBx0015xPA-WaterWaste.pdf*

International Tourism Partnership – Environmental Management for Hotels

*http://www.greenhotelier.org/wp-content/uploads/2014/09/3-Water-for-web-1-1.pdf*

Waspa Asia – Guide to On-site Wastewater Management for Industrial and Commercial Establishments and other Institutions: Hotels and Restaurants Owners and Managers

*http://www.iwmi.cgiar.org/Publications/Other/PDF/Final%20WASPA%20Booklet%202-Hotels.pdf*

Low Cost Composting Training Manual

*http://www.ruaf.org/sites/default/files/Low%20costs%20composting%20training%20manual.pdf*

Envirowise – Cost Effective Management of Organic Waste from the Food & Drink and Hospitality Sectors

*https://www.leanbusinessireland.ie/includes/documents/Envirowise%20guide.pdf*

Education, Interpretation and Learning

CRC for Sustainable Tourism – Best Practice and Interpretation in Tourist/Wildlife Encounters. 2004.

*http://sustain.pata.org/wp-content/uploads/2014/12/WT25_LeeFINAL.pdf*

Department of Conservation, Wellington – Interpretation Handbook and Standards. 2005.

*http://www.doc.govt.nz/documents/about-doc/role/policies-and-plans/interpretation-handbook-complete.pdf*

Tilden's Principles of Interpretation.

*http://culturalheritagetourism.org/wp-content/uploads/formidable/Tildens-Principles.pdf*

UNESCO – A Manual for Interpreting Community Heritage for Tourism.

*http://icrtourism.com.au/wp-content/uploads/2012/09/interpreting-manual.pdf*

Ecolodges in National Parks and Protected Areas: Development Case Studies

Koija Star Beds, Kenya

*http://www.awf.org/sites/default/files/media/Resources/Books%20and%20Papers/Koija_Starbeds_Ecolodge_Case_study.pdf*

Tiger Tops, Asia *http://www.tigertops.com/wp-content/uploads/2012/05/Tiger-Tops-Case-Studies.pdf*

**Leading Examples of Eco Lodges**

MONTANA MAGICA LODGE, PERU

An integrated eco-lodge with the natural environment with vertical and roof gardens and zero waste approach.

*https://huilohuilo.com/nuestros-alojamientos/montana-magica-lodge/*

BULUNGULU, SOUTH AFRICA

Community in partnership lodge. One of the first lodges to be Fair Trade accredited. *http://www.bulungula.com*

CHOLEMIJINI, TANZANIA

A Jungle Island retreat, with treehouse accommodation providing eco conservation, education and community benefits. *http://www.cholemjini.com*

ECOLODGE CHEPU ADVENTURES, CHILE

Award-winning lodge of innovation in sustainable living and tourism, featuring alternative energy, solar showers, and low impact activities. *http://www.chepu.cl*

LANJIA LODGE, THAILAND

Community owned and run. Small scale *http://www.asian-oasis.com/product/lanjia-lodge-hilltribe-discovery/*

**Other Relevant Reading**

Di Paul, Eagles, Bowman and Chang-Hung Tao. Guidelines for Tourism in Parks and Protected Areas of East Asia. IUCN, 2001.

Moscardo and Benckendorff. Education for Sustainability in Tourism: A Handbook of Processes, Resources, and Strategies. Springer, 2015.

Hawkins, Donald, Megan Wood, and Sam Bittman. The Ecolodge Source book for Planners and Designers. The Ecotourism Society, 1995.

UNEP Switched On: Renewable Energy Opportunities in the Tourism Industry" (Renewable energy options for lodging facilities) *www.uneptie.org/pc/tourism/library/energy.htm*

US Department of Energy - Energy Efficiency and Renewable Energy (Renewable energy, energy conservation and energy-efficient buildings) *www.eere.energy.gov*

PA Consulting (Information on the USAID Jamaica EAST project – energy and environmental management systems for hotels) *www.paconsulting.com/industries/travel_tourism/projects/americas/Jamaica.htm*